# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်

# မန္တလေးတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏

## နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄ ။)

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

### အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကိုခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း

၂။ (က) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား( ၁ ) နှင့် ( ၂ ) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့ အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ (က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကိုစီမံခန့်ခွဲရန်မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ ၂၀၁၇ ခုနှစ် ၊ မန္တလေးတိုင်းဒေသကြီး ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့ နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈၉၂.၉၃၆ | | | ၂၅၂၄.၀၃၂ | | | | ၅၄၁၆.၉၆၈ |
| ၂ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈.၁၀၀ | | | ၆.၂၂၀ | | | | ၁၅.၀၂၀ |
| | | ပေါင်း | | ၂၉၀၀.၇၃၆ | | | ၂၅၃၀.၂၅၂ | | | | ၅၄၃၁.၉၈၈ |

# တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၄ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၄၁.၅၆၆ | | | ၃၉.၉၀၀ | | | | ၄၈၁.၄၆၆ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၂၂.၂၂၂ | | | ၃၉.၉၀၀ | | | | ၁၆၂.၁၂၂ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၀.၅၆၄ | | | | | | | ၂၀.၅၆၄ |
| | | ၃ | မီးသတ်ဦးစီးဌာန | | ၂၉၈.၇၈၀ | | | | | | | ၂၉၈.၇၈၀ |
| ၂ | ၅ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | ၆၅.၂၇၇ | | | ၈.၇၀၀ | | | | ၇၃.၉၇၇ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၄.၄၆၇ | | | ၈.၇၀၀ | | | | ၁၃.၁၆၇ |
| | | ၄ | သမဝါယမဦးစီးဌာန | | ၆၀.၈၁၀ | | | | | | | ၆၀.၈၁၀ |
| ၃ | ၇ | | ကျန်းမာရေးနှင့်အားကစား | ၎င်း | | | | ၁၂၂.၇၀၀ | | | | ၁၂၂.၇၀၀ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | ၁၂၂.၇၀၀ | | | | ၁၂၂.၇၀၀ |
| ၄ | ၈ | | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၁၁၄.၉၉၆ | | | | | | | ၁၁၄.၉၉၆ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၀၂.၃၉၆ | | | | | | | ၁၀၂.၃၉၆ |
| | | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၂.၆၀၀ | | | | | | | ၁၂.၆၀၀ |
| ၅ | ၉ | | ဆောက်လုပ်ရေး | ၎င်း | ၇၁.၃၅၈ | | | ၁၄၉.၄၉၀ | | | | ၂၂၀.၈၄၈ |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၄၉.၄၉၀ | | | | ၁၄၉.၄၉၀ |
| | | ၂ | လမ်းဦးစီးဌာန | | ၇၁.၃၅၈ | | | | | | | ၇၁.၃၅၈ |
| ၆ | ၁၀ | | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ | ၎င်း | ၄၁၅၇.၆၂၁ | | | ၄၀၂၉.၂၀၈ | | | | ၈၁၈၆.၈၂၉ |
| ၇ | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၈၂၄.၈၁၁ | | | ၁၃၆၂.၀၅၅ | | | | ၃၁၈၆.၈၆၆ |
| | | | | ပေါင်း | ၆၆၇၅.၆၂၉ | | | ၅၇၁၂.၀၅၃ | | | | ၁၂၃၈၇.၆၈၂ |